
နောင်ရိုး (ဆေးတပ်)
ရေမုဲခြောင်း

# ရေမဲမြောင်း

ပဲခူးရိုးမ တောင်ပေါ်ဒေသရှိ "ငှက်ပျောတော" ရွာလေးသည် အိမ်ခြေ၂၀၀ခန့်ရှိပြီး ကရင်လူမျိုးများ နှင့် ဗမာလူမျိုး အနည်းငယ်နေထိုင်ကာ ဗုဒ္ဓဘာသာ ကိုးကွယ်ကြသည့် သာယာသော ရွာကလေး ဖြစ်၏။

ရွာဦးတွင် ဘုန်းကြီးကျောင်းရှိပြီ ကျောင်းထိုင် ဆရာတော်အား တစ်ရွာလုံးမှ ကိုးကွယ်ဆည်းကပ်ကြသည် ။ ရွာရှိ လူအများ စုမှာ တောင်ယာ လုပ်သူများ ဖြစ်ကြပြီး ပြောင်း၊ နှမ်း၊ ငရုတ်တို့ ကဲ့သို့ တောင်ယာသီးနှံများ ၊ ဟင်းသီးဟင်းရွက်များကိုသာ အဓိကထား စိုက်ကြပျိုးကြ၏။ ဆန်စပါးကိုမူ တောင်ပေါ်ဒေသရဲ့ မြေအနေအထားကြောင့် စိုက်ပျိုးရန် အခက်အခဲ ရှိသဖြင့် ချိုင့်ဝှမ်းကျသော နေရာအနည်းငယ်တွင် သာ စိုက်ပျိုးကြသည် ။

ထို့ကြောင့် ဆန်စပါးအတွက် ဝမ်းစာဖူလုံစေရန် ယခုလို တန်ဆောင်မုန်းလ ဆောင်းဦးပေါက် စပါးပေါ်ချိန်တွင် ပိုက်ဆံရှိသူတို့ က ရွာနှင့် ၁၂မိုင်ခန့်ဝေးသော မြို့မှ ဝယ်ယူကာ သိုလှောင်ထားပြီး ၄င်းတို့ မှ တစ်ဆင့် ပြန်လည် ရောင်းချလေ့ ရှိကြသည် ။ ထိုသူတို့ ကလည်း ဆန်တိုက်ရာတွင် ရွာမှ အဆင်ပြေရာ လှည်းများကိုငှားပြီး ဆန်တိုက်ကြရ၏။ လှည်းအငှားလိုက်သူအား ဆန်တစ်အိတ်လျှင် ၁၅၀၀ကျပ်ဖြင့် ဆန်တိုက်ခပေးရသည် ။ ထိုအချိန်က ဆန်တစ်အိတ်မှာ ၇၅၀၀ ကျပ်ခန့်သာ ရှိသေး၏။ လမ်းမှာ တောင်ပေါ်လမ်းဖြစ်ပြီး ခြောက်သွေ့ ရာသီများ တွင် ဝါး

တင်သော ကားများ တစ်ခါတစ်ရံ သွား/လာတတ် ကြသည် ။

ဆန်တိုက်သွားရာတွင် ရွာကနေ မနက်စောစော ထွက်မှ မြို့သို့ နေ့လယ်ပိုင်းလောက်တွင် ရောက်ရှိပြီး ဆန်တင်ကာ ပြန်ထွက်လျှင် ရွာသို့ ညဥ့်နက်မှ ပြန်ရောက်လေ့ ရှိကြသည် ။ သို့ကြောင့် အနည်းဆုံး လှည်းလေးစီး၊ ငါးစီးခန့်ဖြင့် သွားကြရ၏။ အဘယ်ကြောင့်ဆိုသော် လမ်းခုလတ်ရှိ "ရေမဲမြောင်း"မှာ အလွန် အခြောက်အလှန့် ကြမ်းသောကြောင့် ဖြစ်သည် ။ နာမည်နှင့်လိုက်ဖက်စွာ မြောင်းအတွင်း းတွင် ရှိသော ရေများမှာ မည်းနက်လျက် သစ်ပင်၊ ဝါးပင်များ ဖြင့် အုပ်ဆိုင်းလျက်ရှိသည် ။ တော်ရုံ သတ္တိကောင်းသော လူပင် နေ့ခင်းဘက် တစ်ဦးတည်း ဖြတ်သန်းမသွားရဲကြပေ။

ယခုလည်း နှင်းအောင်မှာ မနက်ဖြန် မြို့သို့ ဆန်တိုက် အငှားလိုက်ရမည် ဖြစ်သဖြင့် လှည်းဘီးများအား လှည်းဆီထိုး၍ ကျွဲများအား အစာကျွေးကာ အနားပေးထားပြီး ယူဆောင် သွားရမည့် ပစ္စည်းများအား ထည့်ကာ ကြိုတင် ပြင်ဆင်လျက် ရှိသည် ။ သူ၏ စရိုက်တစ်ခုမှာ အရက်မသောက်လျှင် အလွန် အေးဆေးစွာ နေတတ်ပြီး အရက် သောက်ထားပါက တစ်ဇွတ်ထိုး လုပ်တတ်သော အကျင့်ရှိကာ မူးနေပါက သတ္တိအရာ မခေသူတစ်ယောက် ဖြစ်သည် ။ အရက်မူးမနေပါက အလွန်ကြောက်တတ်သူ ဖြစ်သည် ။

နောက်တစ်နေ့ မနက်စောစောတွင် ရွာမှ ထွက်ခဲ့ကြ၏။ နှင်းအောင်၏ လှည်းအပါအဝင် အားလုံးပေါင်း လေးစီးဖြစ်သည် ။ ကျန်လှည်းများတွင် လူပိုမပါဘဲ ကိုနှင်းအောင် လှည်းတွင် မူ ရွာတွင် ဈေးဆိုင်ဖွင့်ထားသော အမိုး နော်ကညောဖော ပါလာသည် ။ လှည်းအားလုံးကို ဆန်တိုက်ရန်နှင့် ဈေးကုန်တင်ရန် သူမတစ်ဦးတည်းမှ ငှားရမ်းထားခြင်း ဖြ

စ်သည် ။

ဤသို့ဖြင့် နေ့လယ် ၁၁နာရီခန့်တွင် မြို့ကို ရောက်ရှိပြီး ဆန်တင်ခြင်း၊ ဈေးဝယ်ခြင်းများ ပြုလုပ်ကာ ညနေ၃နာရီခန့်တွင် နှင်းအောင်၏ လှည်းမှ ဦးဆောင်ပြီး ရွာသို့ပြန်ခဲ့ကြ၏။ ခရီးတစ်ဝက် မကျိုးခင်ပင် မှောင် လာပြီးနောက် လထွက်လာခဲ့ပြီး လဆန်းရက် ဖြစ်သဖြင့် လရောင်ဝိုးတဝါးဖြင့် ရွာပြန်ခဲ့ကြသည် ။

နှင်းအောင် အပါအဝင် လှည်းသမား အားလုံးမှာ မြို့မှ ဝယ်ယူလာခဲ့သော အရက်အား လှည်းမောင်းရင်းဖြင့် ကိုယ်စီ သောက်လာခဲ့ရာ အတော်လေးပင် ထွေနေကြပြီ ဖြစ်၏။ သီချင်းအော်ဆိုသူကဆို ဆေးလိပ်ဖွာသူကဖွာဖြင့် ခရီးဆက် နေခဲ့သည် ။ "ရေမဲမြောင်း" ကို ရောက်ရှိချိန်ဝယ် ထူးခြားမှု တစ်စုံတစ်ရာမှ မကြုံတွေ့ရပဲ ပိုးကောင် မွှားကောင်တို့ အော်သံသာ ကြားခဲ့ရလေသည် ။

သို့နှင့်"ရေမဲမြောင်း" အား ကျော်လွန်ပြီး ခပ်လှမ်းလှမ်းရှိ ညောင်တစ်ပင်ကုန်း လမ်းကွေ့နေရာတွင် ပြဿနာကား စတော့သည် ။

ဖြစ်စဉ်မှာ ဤသို့ ဖြစ်သည် ။ နှင်းအောင်မှာ လမ်းကွေ့နေရာ အရောက် နောက်တွင် ပါလာသော လှည်းများ စုံ/မစုံ လှည့်ကြည့်ပြီး ရေလိုက်ရာ လှည်းများ အားလုံးပေါင်း ၅စီးဖြစ်နေသဖြင့် အမိုးအား...

"အမိုး ... ခင်ဗျား လှည်းငှားလာတာ ဘယ်နှစီးလဲဗျ"

"ဖိုးခွား နင်ကလည်းဝေ ... အရက်သောက်ပြီး မူးနေပြီ ထင်တယ် ... ငါကင ၄ စီးထဲငှားလာတာဝေ့ ..."

"ဒါဆို လမ်းမှာ တခြား လှည်းများ ပါလာသေးလား အမိုး ..."

"မပါပါဘူး ဖိုးခွားရ ... ဘာဖြစ်လို့ လဲဝေ့..."

"မဟုတ်သေးဘူး အမိုးရ တစ်ခုခုတော့ ထူးဆန်းနေပြီ...လှည်းတွေကို ရေကြည့်လိုက်ဦး ၅ စီးတောင် ဖြစ်နေတယ် ဘယ်တစ်စီး ပိုနေလဲ မသိဘူး..."

အမိုးလည်း ရေကြည့်လိုက်ပြီးနောက် "အေး ... ဟုတ်တယ်ဝ့ ... ဘယ်တစ်စီး ပိုနေတာလဲ မသိဘူးဝေ..."

နှင်းအောင်လည်း လွယ်အိတ်ထဲမှ ဓာတ်မီးထုတ်ပြီး လှည်းများအား မီးထိုးကြည့်ရာ သူ၏ လှည်းနောက်မှ ဒုတိယ လှည်းမောင်းသော လူမှာ ခန္ဓာကိုယ်သာ ရှိပြီး ခေါင်းမပါပေ။ လှည်းပေါ်တွင် လည်း ဆန်အိတ်များ အပြည့် တင်ထားသေးသည် ။

သောက်ထားသော အရက်ရှိန်မှာ လည်း ပြယ်နေပြီ ဖြစ်သဖြင့် ကြောက်စိတ်တို့ ဝင်ရောက်လာကာ ကြက်သီးများ ထ၊ အသံတွေတုန်စွာဖြင့် ...

"အမိုး ... ဒုတိယလှည်းကို ကြည့်လိုက်ဦး..."

အမိုးလည်း လှမ်းကြည့် လိုက်ပြီးနောက်

"ဟာ ... ဘာကြီးလဲ..."

"အမလေး ... ခေါင်းပြတ်သရဲ..."